သင်တို့သည် ရုပ်တုများဖြင့် ကျိန်ဆိုခြင်း

မပြုကြနှင့်။ သင်တို့၏ဘိုးဘေးဘီဘင်များဖြင့်လည်းကျိန်ဆိုခြင်း မပြုကြနှင့်။

အဗ်ဒုရ်ရဟ်မားန် ဗင်န် ဆမုရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ သင်တို့သည် ရုပ်တုများဖြင့် ကျိန်ဆိုခြင်း မပြုကြနှင့်။
သင်တို့၏ဘိုးဘေးဘီဘင်များဖြင့်လည်း ကျိန်ဆိုခြင်း မပြုကြနှင့်။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် သွဝါဂီ(ရုပ်တု)များဖြင့် (၎င်းတို့၏အမည်များကို ကိုင်တွယ်၍) ကျိန်ဆိုခြင်းမှ တားမြစ်ထားတော်မူသည်။ "သွဝါဂီ" သည် "သွာဂီယဟ်" ဟူသော စကားလုံး၏ ဗဟုဝုစ်ကိန်းဖြစ်ပြီး မုရှ်ရိက်များကအလ္လာဟ်အရှင်မြတ်အစား ကိုးကွယ်ဆည်းကပ်ခဲ့ကြသော ရုပ်တုများကို ရည်ညွှန်းသည်။ဤရုပ်တုများသည် မုရှ်ရိက်တို့၏ လွန်ကျူးမှုနှင့် သွေဖည်ငြင်းဆန်မှု၏ အကြောင်းရင်းဖြစ်သည်။ ထိုနည်းတူ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်မိမိတို့၏ဘိုးဘေးဘီဘင်များဖြင့် ကျိန်ဆိုခြင်းမှလည်း တားမြစ်တော်မူထားသည်။အကြောင်းမှာ ဂျာဟိလီယသ်အမှောင်ခေတ် အာရပ်လူမျိုးတို့၏ထုံးတမ်းစဥ်လာများအနက်တစ်ခုမှာ ၎င်းတို့သည် မိမိတို့၏ဘိုးဘေးဘီဘင်များအားဂုဏ်ယူဝင့်ကြွားသည့်အနေဖြင့် ၎င်းတို့အား ဂုဏ်ပေးလေးစားသည့်အနေဖြင့် ၎င်းတို့(၏အမည်နာမများကိုကိုင်တွယ်၍)ကျိန်ဆိုလေ့ရှိခဲ့ကြသောကြောင့်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/8959